လက်ရှိ ပြင်ဆင်နေသည့် ၂၀၁၂ လယ်ယာမြေ ဥပဒေ၊ မြေလွတ် မြေလပ် မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေ နှင့်
၂၀၁၇ မြေသိမ်းဥပဒေကြမ်း အပေါ်
ဒေသခံ များ၏ သဘောထားထုတ်ပြန်ချက်

၁။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၅ ရက် နေ့၊ ကော့မှုးမြို့နယ် မကျီးတန်း ရပ်ကွက် တွင် ပြုလုပ်သော လက်ရှိ မြေနှင့် သက်ဆိုင်သည့် ဥပဒေများ နှင့် ပြင်ဆင်နေသည့် ဥပဒေကြမ်းများအပေါ် သုံးသပ်သည့်ဆွေးနွေးပွဲ ကို ကော့မှုး မြို့နယ်၊ တွံတေးမြို့နယ်၊ ကွမ်းခြံကုန်း မြို့နယ် နှင့် ကျောက်တန်း မြို့နယ် (သီလဝါဒေသ) မှ ဒေသခံ ကိုယ်စားလှယ် (၅၃) ဦး တက်ရောက် ခဲ့ကြပြီး အောက်ပါ သဘောထားများကို ထုတ်ပြန်လိုက်သည်။

၂။ မြေသည် ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူလူထုများအတွက် ဘိုးဘွားစဉ်ဆက် အမွေ ဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ရေးဆွဲနေသော ၂၀၁၂ လယ်ယာမြေ ဥပဒေ၊ ၂၀၁၂ မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေ နှင့် ၂၀၁၇ မြေသိမ်းဥပဒေကြမ်း တို့သည် ကျွန်ုပ်တို့ ဒေသခံပြည်သူတို့၏ အမွေ၊ အသက်မွေးဝမ်းကျောင်း နှင့် မြေယာ လုံခြုံမှု ကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့ပြင် မြေယာ ပြဿနာ အရင်းအမြစ်များကို မဖြေရှင်းနိုင်ခြင်းမရှိဘဲ ပိုမိုရှုပ်ထွေးသွားစေနိုင်သည်ဟု သုံးသပ်ပါသည်။

၄။ လက်ရှိ မြေလွတ် မြေလပ် မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေသည် ကျွန်ုပ်တို့ ပြည်သူများ၏ မြေပိုင်ဆိုင် အသုံးချမှုများကို အသိအမှတ်ပြုမှုမရှိသလို ကိုက်ညီမှု လည်းမရှိပါ။ ထို့ပြင် ဒေသခံများ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင် အသုံးပြုသော်လည်း မှတ်ပုံတင်ထားခြင်းမရှိသော မြေများကို ဒေသတွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များသို့ ခွဲဝေပေးရန် စီစဉ်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် မြေလွတ် မြေလပ် မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေ ကို ပြန်လည်ပြင်ဆင်ဆွေးနွေးမည့်အစား လုံးဝ ပယ်ဖျက်သင့်ကြောင်း အကြံပြုသည်။

၅။ ၂၀၁၇ မြေသိမ်းဥပဒေကြမ်းသည် ဒေသခံပြည်သူတို့၏ ဘဝ၊ အသက်မွေးဝမ်းကျောင်း၊ ယဉ်ကျေးမှု၊ လူ့ဂုဏ်သိက္ခာ တို့အတွက် မှီခိုရာ မြေယာ၊ ရေ၊ သားငါး၊ သစ်တော အစရှိသည်တို့ကိုကြီးမားစွာ ခြိမ်းခြောက်လျက် ရှိသည်ကို စိုးရိမ်ဖွယ်တွေ့ရှိရသည်။ ထိုမြေသိမ်းဥပဒေကြမ်းတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီစံများ နှင့် တိုင်းရင်းသားအခွင့်အရေးများကို လျစ်လျူရှုပြီး မြေသိမ်းမှုကို အချိန်မရွေး တရားဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ် ရေးဆွဲ ထားသည်ကိုတွေ့ရှိရသည်။ ထို့ကြောင့် ပြည်သူများ၏ မြေယာအခွင့်အရေးများကို အပြည့်အဝ ဦးစားပေး အကာကွယ်ပေးသည့် မြေယာ ဥပဒေအသစ်များ မရေးဆွဲနိုင်သရွေ့ ၂၀၁၇ မြေသိမ်းဥပဒေကြမ်းအား ဆွေးနွေး ပြဌာန်းခြင်းမပြုသင့်ပါ။

၆။ ကျွန်ုပ်တို့ အနေဖြင့် တောင်သူလယ်သမားများအပါအဝင် ဒေသခံ ပြည်သူများ အားလုံး ပွင့်လင်းမြင်သာမှုရှိစွာ ထိထိရောက်ရောက် ပူးပေါင်းပါဝင်မှုရှိပြီး လုပ်ကွက်ငယ် တောင်သူများ၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း နှင့် မြေယာအခွင့်အရေးများကို လုံခြုံခိုင်မာမှုရှိစေသည့် ပြည်သူကို အခြေပြု အကာကွယ်ပေးသော မြေယာဥပဒေသစ်များကို ရေးဆွဲရန် သက်ဆိုင်ရာတာဝန်ရှိသူများသို့ သဘောထားထုတ်ပြန်အပ်ပါသည်။


ဆက်သွယ်ရန်
၁။ ဦးမြလှိုင် (၀၉ ၄၂၀၂၅၈၃၇၀)
၂။ ကိုမင်းစိုးအောင် (၀၉ ၇၇၃၈၇၅၁၉၁)
၃။ ဦးမောင်ဌေး (၀၉ ၄၂၈၂၀၁၁၂၁)
၄။ ကိုဖြိုးမောင်မောင် (၀၉ ၇၈၄၈၉ ၅၆၂၆)
၅။ ကိုချစ်စမ်းမောင် (၀၉ ၇၉ ၉ ၁၁၆၀၉၇)
၆။ မပြုံးပြုံးရီ (၀၉ ၇၆၂၃၂၂၄၈၆)